

စိတ်ကူးချိုချိုအနုပညာ



# ကလေးတို့အတွက် မြန်မာ့ရှေးရိုးပုံပြင်များ

မမကြီး

ဆရာကြီးဦးထင်အောင်ရဲ့ MYANMAR FOLK TALES ကို မှီငြမ်းပြန်ဆိုထားပါတယ်။



# ကလေးတို့အတွက် မြန်မာ့ရှေးရိုးပုံပြင်များ

ဆရာကြီးဦးထင်အောင်ရဲ့ MYANMAR FOLK TALES ကို မိုးမြင့်ပြန်ဆိုထားပါတယ်။

MMG0047

1,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - ပုဂံသဲပန်းချီ
၂၀၁၃၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

၈၉၈ · ၈၄

ကလေးတို့အတွက်မြန်မာ့ရေးရိုးပုံပြင်များ
မမကြီး ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၈၂ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ကလေးတို့အတွက်မြန်မာ့ရေးရိုးပုံပြင်များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကလေးတို့အတွက် မြန်မာ့ရှေးရိုးပုံပြင်များ
## မမကြီး

ဆရာကြီးဦးထင်အောင်ရဲ့
MYANMAR FOLK TALES ကို
မှီငြမ်းပြန်ဆိုထားပါတယ်။

ပထမအကြိမ်

mgyoe.com

mgyoe.com


၁၉။ ဦးခေါင်းတစ်လုံးရှင် ၄၄
၂၀။ ကြီးမားလှတဲ့လိပ် ၄၇
၂၁။ မိုးရိပ်မိကျောင်း ၅၅
၂၂။ သက်တန့် ၅၈
၂၃။ လထဲက အဘိုးအို ၆၁
၂၄။ လကိုငပုပ်ဖမ်းတယ် (လငပုပ်ဖမ်းတယ်) ၆၃
၂၅။ နဂါး၃ ၃ လုံး ၆၆

အပိုင်း (၂)
၁။ အရက်သမားနဲ့ဘိန်းစား ၆၈
၂။ ဘိန်းစားနဲ့ ဘီလူး ၄ ကောင် ၇၁
၃။ လူငယ် ၄ ယောက် ၇၃
၄။ ဆုံ့အနားမကြားသူ ၄ ဦး ၇၇
၅။ ကိုကောက်နဲ့ ကိုလိမ် ၇၉

■

mgyoe.com

mgyoe.com



## ၃။ အအေးမိနှာစေးနေတဲ့ယုန်

တောတွင်းဘုရင်ခြင်္သေ့မင်းဟာ "ဝက်ဝံ" "မျောက်"နဲ့ "ယုန်"တို့ကို သူ့ရဲ့ဝန်ကြီးများအဖြစ် ခန့်အပ်ပြီး တောထဲမှာ အတူတကွ နေထိုင်ကျက်စားခဲ့ကြသတဲ့ ...

တစ်နေ့မှာ ခြင်္သေ့မင်းဟာ သူ့ရဲ့အဖော် (ဝန်ကြီး) တွေနဲ့ နေထိုင်ရတာ ငြီးငွေ့လာလို့ သူတို့ကို ကိုက်သတ်စားသောက်ချင်စိတ် ပေါ်လာခဲ့တယ် ... ဒါပေမဲ့ သူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ခဲ့တဲ့ဝန်ကြီးတွေဖြစ်နေလို့ သူ့အကြံစည်က တရားမျှတမှု မရှိဘူးလို့ နားလည်လိုက်တယ်။ ဒါကြောင့် သူ့အကြံအစည်ကို ဥပဒေဘောင်ဝင်အောင် စဉ်းစားတွေးတောပြီး ဝက်ဝံ၊မျောက်နဲ့ယုန်တို့ကိုခေါ်လိုက်တယ်... ဝန်ကြီး ၃ ဦးစလုံး စုံလင်စွာရောက်လာတော့ "ကဲ ... အဆွေတော်တို့ သင်တို့ဟာ ကျုပ်ရဲ့ ဝန်ကြီးတွေအဖြစ်နဲ့ အချိန်အတော်ကြာကြာရှိနေခဲ့ပြီးပြီ ... "ဒီနေ့တော့ ရာထူးအာဏာတွေက သင်တို့ကို ထိခိုက်ပျက်စီးစေသလားဆိုတာ သိရဖို့ကျုပ်က ဖော်ထုတ်ရလိမ့်မယ်" လို့ ခြင်္သေ့မင်းက ပြောပြီး သူ့ပါးစပ်ကို အကျယ်ကြီးဟထားလိုက်သတဲ့။ ထို့နောက် ဝက်ဝံကိုခေါ်ပြီး ပါးစပ်က ဘာအနံ့ရတယ်ဆိုတာ အတိအကျ ပြောပြဖို့ နမ်းခိုင်းသတဲ့။ သဘာဝအရ အသား အလွန်စားတဲ့ သတ္တဝါဖြစ်နေတော့ ပါးစပ်ကထွက်တဲ့ အနံ့ကလည်း အလွန်ဆိုးဝါးတာပေါ့။ ရိုးသားဖြောင့်မတ်တဲ့ ဝက်ဝံ

mgyoe.com

mgyoe.com


က ခြသေ့်ရဲ့ ပါးစပ်ကို နမ်းကြည့်ပြီး ... "အရှင်မင်းကြီးရဲ့ ပါးစပ်က အနံ့အလွန်ဆိုးပါတယ်" လို့ အမှန်အတိုင်း လျှောက်တင်လိုက်တော့ ခြသေ့်မင်းက "မင်းဟာ သစ္စာဖောက်ပဲ" လို့ ပြောပြီး ဒေါသတကြီး ဟိန်းလိုက်တယ်။ ပြီးတော့ "မင်းဟာ အရှင်သခင်ကို ရိုင်းပျစော်ကားတယ်" "သစ္စာလည်း ဖောက်တယ်။ "ဒီတော့ သစ္စာဖောက်တွေရဲ့ သွားရာလမ်းကတော့ သေခြင်းပဲ။ မင်းကိုသေဒဏ်ပေးရမယ်" လို့ ခြသေ့်က ပြောပြီး ဝက်ဝံကို ခုန်အုပ်ကိုက်သတ်လိုက်သတဲ့ ...

ဝက်ဝံရဲ့ အလှည့်ပြီးတော့ ခြသေ့်ပါးစပ်ကို နမ်းကြည့်ဖို့ မျောက်ရဲ့ အလှည့်ရောက်လာတယ်။ ထုံးစံအတိုင်း ခြသေ့်မင်းဟာ မျောက်ကို ပါးစပ်ဟပေးပြီး နမ်းခိုင်းပြန်တာပေါ့။ မျောက်ဟာ သူ့ရှေ့တည့်တည့်မှာ ကိုက်သတ်ခံရလိုက်ရတဲ့ ဝက်ဝံရဲ့ ကံကြမ္မာလို အဖြစ်မခံဘူးတဲ့ ... ဒါကြောင့် သေဘေးက လွတ်လိုလွတ်ငြား ခြသေ့်မင်းကို မြှောက်ပင့်ပြောဆိုဖို့ ဆုံးဖြတ်လိုက်တယ်။ ပြီးတော့ "အရှင်မင်းကြီး သင့်ရဲ့ အာခံတွင်းက ထွက်တဲ့အနံ့က တကယ်ကို သင်းပျံ့မွှေးကြိုင်လှပါတယ်" လို့ ပြောလိုက်တာပေါ့။ ထိုအခါ ခြသေ့်မင်းက "မင်းဟာ လိမ်လည်ပြီး မြှောက်ပင့်ပြောဆိုတတ်တဲ့ကောင်ပဲ" လို့ ပြောပြီး ဒေါသတကြီး ဟိန်းလိုက်တယ်။ ပြီးတော့ "အသားအလွန်စားတဲ့ ငါ့လို ခြသေ့်ရဲ့ပါးစပ်ကအနံ့ဆိုး(ညှီနံ့) ထွက်တာ အားလုံးသိတယ် "မင်းဟာသစ္စာမဲ့ပြီး လိမ်ညာမြှောက်ပင့် ပြောဆိုနေတဲ့ကောင်ပဲ။ ဒီတော့ မြှောက်ပင့်ပြောဆိုတဲ့ ဝန်ကြီးနဲ့ မှူးမတ်တွေကို ဒီအတိုင်းထားရင် ရှင်ဘုရင်အတွက် အန္တရာယ်များတယ်" လို့ပြောပြီး မျောက်အပေါ် ခုန်အုပ်ကိုက်သတ်လိုက်ပြန်သတဲ့။

နောက်ဆုံးအနေနဲ့ ယုန်ရဲ့ အလှည့်ကို ရောက်လာပါတယ်။ ခြသေ့်မင်းက "ကဲ !... ပညာရှိယုန်ကြီး ကျုပ်ပါးစပ်က ဘာအနံ့ထွက်သလဲဆိုတာ နမ်းကြည့်ပြီး အတိအကျပြောပြပါဦးလို့" ထုံးစံအတိုင်း ပြောတာပေါ့။ ထိုအခါ ယုန်က "ဝမ်းနည်းပါတယ် အရှင်မင်းကြီး ကျွန်တော်မျိုး အအေးမိပြီး နှာစေးနှာပိတ်ဖြစ်နေပါတယ်" "ဒါကြောင့် အနံ့ခံလို့မရပါဘူး" ကျွန်တော်မျိုးအိမ်ကို ပြန်ခဏနားပြီး သက်သာလာတော့မှ အရှင်မင်းကြီးရဲ့ ပါးစပ်ကို အနံ့ခံဖို့ ကျွန်တော်မျိုးရဲ့ နှာခေါင်းကိုအသုံးပြုနိုင်မှာပါ" လို့ လျှောက်တင်သတဲ့ ... ဒီတော့ ခြသေ့်မင်းလည်း ကြံရာမရဖြစ်သွားပြီး ခိုင်လုံတဲ့ ဆင်ခြေပေးနိုင်တဲ့ ယုန်ကို လွှတ်ပေးလိုက်ရတာပေါ့။ ယုန်ကလည်း ခြသေ့်နားက လွတ်လာပြီးကတည်းက နောက်တစ်ကြိမ် ခြသေ့်နဲ့ ပြန်မဆုံနိုင်အောင် ရှောင်ကွင်းနေထိုင်သွားသတဲ့ကွယ်။

■

mgyoe.com

mgyoe.com

## ၂။ မောင်ပိုနဲ့ကျား

"မောင်ပို" လို့ အမည်ရှိတဲ့ လူငယ်လေးဟာ နေ့စဉ် ရွာကနေထွက်သွားပြီး တောထဲကို လျှောက်လည်လေ့ရှိသတဲ့။နေ့စဉ်လိုလို တောထဲကို ရောက်နေကျဖြစ်လို့ တိရစ္ဆာန်တွေအားလုံးနဲ့ မိတ်ဆွေဖြစ်နေတာပေါ့။ အထူးသဖြင့် မောင်ပိုက "ကျား" တစ်ကောင်နဲ့ပိုပြီး ရင်းနှီးသွားလို့ တောထဲမှာအတူ လျှောက်လည်နေကျ အဖော်တွေဖြစ်ခဲ့တယ်။

မောင်ပိုဟာ သူ့ရဲ့ မိတ်ဆွေအပေါ် စစ်မှန်တဲ့ ခင်မင်မှုထားရှိပေမယ့် ကျားစေဉ်းလဲကတော့ အတွင်းစိတ်ကို ဖုံးကွယ်ပြီး မောင်ပိုအပေါ် အပေါ်ယံ ဆက်ဆံ



mgyoe.com

mgyoe.com



ပေါင်းသင်းသတဲ့။ ကျားရဲ့စိတ်ထဲမှာ တစ်နေ့နေ့မှာ မောင်ပိုက သူ့ကို ရွာထဲအလည်ခေါ်မှာပဲဆိုပြီး မျှော်လင့်နေတာပေါ့ ... ဒါမှ ရွာသားတွေရဲ့ ကျွဲ၊ နွားတွေကို ကျားက ကိုက်ချီထွက်ပြေးနိုင်မယ်လေ ...

တစ်နေ့မှာ ကျားက မောင်ပိုကို ခုလိုမေးလိုက်တယ်။ "သူငယ်ချင်း မောင်ပို" "ငါ့ကို မင်းရွာဘက်ဆီ အလည်ခေါ်ပါလား"ဆိုတော့ "ဒါတော့မဖြစ်ဘူး ကိုကျားရေ ရွာသားတွေက ခင်ဗျားဝင်လာမှာကို လက်ခံမှာ မဟုတ်ဘူး" ... " ခင်ဗျားက စားကျက်မှာ အစာစားနေတဲ့ ရွာသားတွေရဲ့ နွားတွေကို မကြာခဏ ခုန်အုပ်ခဲ့တယ်မဟုတ်လား"လို့ မောင်ပိုက သတိပေးလိုက်တယ်။ ဒါကို ကျားက မကျေမနပ်နဲ့ " မင်း ငါ့ကို ခေါ်မသွားချင်လည်း ရတယ်" "ငါ့ဘာသာ သွားမယ်"လို့ ပြန်ပြောလိုက်တယ်။ ,

အဲဒီနေ့ ညနေမှာပဲ ကျားစဉ်းလဲဟာ ရွာထိပ်ကို မယောင်မလည်နဲ့ ရောက်လာခဲ့တာပေါ့။ ဒါကို မောင်ပိုက တွေ့သွားတော့ "သူငယ်ချင်း ကိုကျား" " ခင်ဗျား ဒီနားမှာ ယောင်ပေပေလုပ်မနေနဲ့" "ရွာသားတွေက ခင်ဗျားထက်ပိုပြီး ညဏ်နီညဏ်နက်များတယ်" "ခင်ဗျားကို ထောင်ချောက်ဆင်ပြီး ဖမ်းကြလိမ့်မယ်" လို့ သတိပေးလိုက်သတဲ့။ ထိုအခါ ကျားစဉ်းလဲက မောင်ပိုရဲ့ သတိပေးစကားကို လှောင်ပြောင်ပြီး ရယ်လိုက်တယ်။ မောင်ပိုက မိတ်ဆွေကျားကို တောထဲပြန်ဖို့ ဖျောင်းဖျပြောဆိုပေမဲ့ မအောင်မြင်ပါဘူး။ ဒီလိုနဲ့ တဖြည်းဖြည်း ညအမှောင်ကျလာတော့ မိဘတွေက မောင်ပိုကို အိမ်ပြန်ဖို့ အော်ခေါ်တာပေါ့။ ဒီတော့ မောင်ပိုလည်း ကျားကို နောက်ဆုံး သတိပေးပြီး အိမ်ကိုပြန်သွားခဲ့တယ်။ ကျားစဉ်းလဲက တစ်ရွာလုံး အိပ်မောကျတဲ့အထိ စောင့်နေတုန်းပဲတဲ့။ အဲဒီနောက်မှာ ရွာထဲကို တိတ်တဆိတ်ဝင်သွားပြီး ပြန်ထွက်လာတော့ နွားပေါက်ကလေးတစ်ကောင် ကိုက်ချီလျက်သား ပါလာခဲ့တယ်။

နောက်တစ်နေ့ နံနက်စောစောမှာ မောင်ပိုက ထုံးစံအတိုင်း တောထဲကိုသွားပြီး ကျားကိုသွားတွေ့တယ်။ "ကိုကျား" "ခင်ဗျားနဲ့ကျုပ် မိတ်ဆွေတွေ ဖြစ်လာတာ အချိန်တွေ ကြာခဲ့ပြီမဟုတ်လား" "ဒီတော့ အခု ကျုပ်ပြောမဲ့ စကားကို အလေးအနက်ထားပြီး နားထောင်ပေးပါ" "ဒီနေ့ညမှာ ခင်ဗျားကို ရွာသားတွေက ထောင်ချောက်ဆင်ပြီး ဖမ်းကြလိမ့်မယ်" "ခင်ဗျား ကျုပ်တို့ရွာနားကို ထပ်မလာပါနဲ့တော့" လို့ မောင်ပိုက စိုးရိမ်တကြီး သတိပေးရှာတယ်။ ဒါပေမဲ့ ကျားစဉ်းလဲက မောင်ပိုရဲ့ သတိပေးစကားကို အလေးမထားဘဲ အရင်လို လှောင်ပြောင်ရယ်မောလိုက်သတဲ့ ... အဲဒီညမှာပဲ ကျားစဉ်းလဲက သားကောင်ရဖို့ ရွာထဲကို ထပ်ပြီး ဝင်လာပြန်တယ်။ မောင်ပိုရဲ့ သတိပေးစကားကို ဂရုမစိုက်တဲ့ ကျားဟာ ရွာသားတွေ ထောင်ထားတဲ့ ထောင်ချောက်မှာ ရုတ်တရက် ကျားကို မိနေတာပေါ့။ နံနက်မိုးလင်းတော့ ထောက်ချောက်မှာ ရွာသားတွေက တွေ့သွားပြီး ကျားကို ပင်ပန်းနွမ်းနယ် အားကုန်တဲ့အထိ လှောင်အိမ်ထဲမှာ ဒီအတိုင်းပစ်ထားကြဖို့ သဘောတူလိုက်ကြတယ်။ ဒီတော့ လှောင်အိမ်ထဲက ကျားခမျာ တဖြည်းဖြည်း အစာရေစာငတ်ပြတ်ပြီး သေရတော့မယ့် ကိန်းဆိုက်တော့တာပေါ့။

ခြောက်ရက်မြောက်တဲ့နေ့မှာ လှောင်အိမ်ထဲက မာန်ဖီ ဟိန်းဟောက်နေတဲ့ မိတ်ဆွေကျားကို ကြည့်ပြီး မောင်ပိုစိတ်မကောင်း ဖြစ်သွားတယ်။ မောင်ပိုက မိတ်ဆွေကျားကို လွှတ်ပေးချင်ပေမယ့် မိဘတွေက ရိုက်မှာစိုးလို့ မလုပ်ရဲဘူးပေါ့။ ဒါပေမဲ့ ၇ ရက်မြောက်တဲ့နေ့မှာ မိတ်ဆွေ ကျားကို လွှတ်ပေးလို့ မိဘတွေရဲ့

mgyoe.com

mgyoe.com



အရိုက်ခံရရင်လည်း ခံရပစေဆိုပြီး ကျားကို လွှတ်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။ မောင်ပိုက ထောင်ချောက်လှောင်အိမ်ရဲ့ တံခါးကို ဖွင့်ပြီး "အခု အမြန်ပြေးပေတော့ ကိုကျား" "ကျုပ်မိဘတွေနဲ့ ရွာသားတွေဒေါသဖြစ်တာကို ကျုပ်ရင်ဆိုင်မယ်" လို့ ပြောတော့ ကျားစဉ်းလဲက "ကျေးဇူးတင်ပါတယ် မောင်ပို" "ဒါပေမဲ့ ငါအခု မင်းကို စားမှဖြစ်မယ်" "ငါ ပင်ပန်း အားကုန်နေလို့ ဘယ်သားကောင်ကိုမှ ဖမ်းနိုင်မှာ မဟုတ်ဘူး" လို့ ပြောသတဲ့။ ထိုအခါ မောင်ပိုက ကျေးဇူးကြေးရှိသူ (ကျေးဇူးရှင်)ကို လုံးဝမစားသင့်ကြောင်း ပြောပေမယ့် ကျားက ငြင်းခုံနေတာကြောင့် ပညာရှိရဲ့ အဆုံးအဖြတ်ခံယူဖို့ တောထဲမှာ ပညာရှိကို လိုက်ရှာခဲ့ကြတယ်။ ဒီလိုနဲ့ တစ်နေရာမှာ နွားသေရဲ့ ဦးခေါင်းခွံတစ်ခုကို တွေ့လိုက်ကြတော့ မောင်ပိုနဲ့ ကျားက သူတို့ရဲ့ ငြင်းခုံမှုကို ဆုံးဖြတ်ပေးဖို့ နွားဦးခေါင်းခွံကို တိုင်တည်ကြတယ်။ ငြင်းခုံသူနှစ်ဦးရဲ့ ပြောစကားကို နားထောင်ပြီး"ကျေးဇူးကြေးတင်တယ်ဆိုတာမရှိဘူး" လို့ ဆုံးဖြတ်ပေးတယ်။ ထို့နောက် နွားဦး ခေါင်းခွံက "ဥပမာ ပြောရရင် ငါက သခင်အတွက် နှစ်ပေါင်းများစွာ ထွန်ယက်စိုက်ပျိုးနိုင်အောင် လုပ်အားတွေစိုက်ထုတ်ပေးခဲ့ပေမယ့် ငါအသက်ကြီးလာပြီး အလုပ်မလုပ်နိုင်တော့ ငါ့ကို သတ်ပြီးစားကြတာမျိုးပေါ့ကွာ"လို့ ပြောလိုက်သတဲ့။ ဒီတော့ ကျားက မောင်ပိုကို စားသင့်တယ်ဆိုတဲ့ အမိပ္ပာယ်ဖြစ်သွားတာပေါ့။ ကျားက မောင်ပိုကို စားမယ်လည်းလုပ်ရော မောင်ပိုက "ခဏလေးနေပါဦးလား" "ကျုပ်တို့ငြင်းခုံတာ အတိအကျ အဖြေပေးနိုင်မယ့် နောက်ထပ် ပညာရှိတစ်ယောက်ကို ရှာချင်သေးတယ်" လို့ ပြောတော့ ကျားကလည်း လက်ခံပြီး နောက်ပညာရှိတစ်ယောက်ကို ထပ်ရှာကြပြန်တယ်။ ဒီလိုနဲ့သူတို့ နှစ်ဦးဟာ ညောင်ပင်ကြီးတစ်ပင်ကို တွေ့တော့ သူတို့ရဲ့ ငြင်းခုံမှုကို တင်ပြပြီး အဆုံးအဖြတ်ကို ခံယူကြတာပေါ့။ ညောင်ပင်က ငြင်းခုံသူ နှစ်ဦးရဲ့စကားကိုဆုံးအောင်နားထောင်ပြီး ခုလိုပြောလိုက်တယ်။ "ကျေးဇူးကြေးတင်တယ်ဆိုတာ မရှိပါဘူးကွာ" "ဥပမာပြောရရင် လူတွေက နေပူစပ်ခါးထဲမှာ ခရီးသွားလာရင်း ငါ့ရဲ့ အေးမြတဲ့အရိပ်မှာ ဝင်ခိုကြတယ်" "ဒါပေမဲ့ အရိပ်ခိုရတဲ့ ကျေးဇူးကို မထောက်ထားကြဘဲ အခက်ကိုပါ ချိုးကြတယ်ကွ" "တစ်ခါတစ်ခါ ငါ့အပင်က ပွင့်တဲ့ ပန်းတွေကိုပါ ယူသွားတတ်သေးတယ်" လို့ ပြောပြတော့ ကျားက မောင်ပိုကို စားသင့်တယ်ဆိုတဲ့ အဓိပ္ပာယ်ထွက်ပြန်ရော။ ဒီတစ်ကြိမ်မှာလည်း ကျားက မောင်ပိုကို စားဖို့ ဟန်ပြင်ပါတယ်။ မောင်ပိုက ကျားကို နောက် တစ်ကြိမ် မေတ္တာ ရပ်ခံပြီး ပညာရှိတစ်ဦးထပ်ရှာဖို့ ပြောတော့ "ဒီတစ်ခါတော့ သုံးကြိမ်မြောက်နဲ့ နောက်ဆုံးပဲနော်" လို့ ကျားက မောင်ပိုကို သတိပေးပြီး လိုက်လျောလိုက်တယ်။ နောက်ဆုံးမှာ သူတို့နှစ်ဦးဟာ ပညာရှိ ယုန်တစ်ကောင်ကို သွားတွေ့ပြီး အဖြစ်အပျက်ကို တိုင်တန်းပြောဆိုကြတယ်။ နှစ်ဖက်စကား ကို သေချာစွာ နားထောင်ပြီးတဲ့နောက် ယုန်က "မောင်ပိုနှင့်ကျား စပြီး အငြင်းအခုံဖြစ်တဲ့နေရာ အရင်ဆုံးကြည့်ပြီးမှ ဆုံးဖြတ်ပေးမယ်"လို့ ပြောတော့ မောင်ပိုနဲ့ ကျားက ထောင်ချောက်ရှိခဲ့တဲ့နေရာ ရွာထဲကို ယုန်နဲ့အတူ ပြန်လာကြတာပေါ့ ...

ထောင်ချောက်ရှိတဲ့ နေရာလည်းရောက်ရော ယုန်က "ကဲ ကိုကျား" "ခင်ဗျားက ဘယ်နေရာမှာရှိခဲ့တာလဲ..." "ကျုပ်ကိုပြပါ" လို့ ပြောတော့ "ကျုပ်က ဒီထောင်ချောက်ထဲမှာ ရှိခဲ့ပါတယ်"လို့ ကျားက ပြန်ဖြေတယ်။ ထိုအခါ ယုန်က"ကောင်းပြီ ခင်ဗျားထောင်ချောက်ထဲမှာ ဘယ်လိုရပ်ခဲ့ရသလဲဆိုတာ ကျုပ်ကို

mgyoe.com

mgyoe.com


တိတိကျကျလေးလုပ်ပြပေးပါဦး” လို့ ယုန်က တောင်းဆိုနေတော့ ကျားကလည်း လက်တွေ့ပြတဲ့ အနေနဲ့ ထောင်ချောက်ထဲကို ဝင်ပြသတဲ့။ ပြီးတော့ ယုန်က“မောင်ပို”ခင်ဗျားက အရင်ဆုံးထောင်ချောက် သော့ကိုပိတ်ပြီး ကျားကို ဘယ်လို လွှတ်ပေးတယ်ဆို တာကို ပြပေးပါ” လို့ပြောလိုက်တယ်။ မောင်ပိုက ယုန်မှာကြားတဲ့အတိုင်း ထောင်ချောက်သော့ကို ပိတ်လိုက်တာနဲ့ “ရပ်”လို့ ယုန်က အော်လိုက်တယ်။ “ကျားကို ဘယ်လိုလွှတ်ပေးတယ် ဆိုတာကို မပြနဲ့ တော့” “ဒီအတိုင်းထားလိုက်”လို့ ပြောပြီး ငြင်းခုံမှုကို အဆုံးအဖြတ်ပေးလိုက်တယ်။ “ကျုပ်အခု “မောင်ပို”နဲ့ “ကျား”ကို နဂိုအတိုင်းဖြစ်အောင် သူ့နေရာနဲ့သူ ပြန်ထားလိုက်ပြီ” ငြင်းခုန်မှု တွေလည်း ပြီးဆုံးသွား ပြီ” လို့ ယုန်က ပြောလိုက်တယ် …

အဲဒီနောက် ယုန်ကတောထဲကို ပြန်သွားသလို မောင်ပိုကလည်း သူ့အိမ်သူပြန်လာခဲ့တာပေါ့။ ထောင်ချောက်ထဲကို ပြန်ရောက်သွားရတဲ့ ကျား ငစဉ်းလဲခင်ဗျာ အစာရေစာ ငတ်ပြတ်ပြီး ရက်အနည်း ငယ်အတွင်းမှာပဲ သေဆုံးသွားခဲ့ရသတဲ့ကွယ် …

■

mgyoe.com

mgyoe.com



## ၃။ တရားသူကြီး ယုန်

"ကိုပညာ"နဲ့ "ကိုနံ"တို့ဟာ အိမ်နီးချင်းတွေ ဖြစ်ကြတယ်။ ကိုပညာမှာ နွားမတစ်ကောင်ရှိပြီးတော့ ကိုနမှာတော့ မြင်းမတစ်ကောင်ရှိသတဲ့ ...

တစ်ညမှာ ကိုပညာရဲ့ နွားမက နွားကလေး တစ်ကောင်ကို မွေးပြီးတော့ ကိုနရဲ့ မြင်းမကလည်း မြင်းကလေးတစ်ကောင်ကို မွေးခဲ့တယ်။

ကိုပညာဟာ အအိပ်ဆတ်သူဖြစ်တာကြောင့် နွားကလေး ညည်းညူသံနဲ့ မြင်းကလေးရဲ့ ဟီသံကို ကြားလိုက်ရတယ်။ ဒီတော့ ကိုပညာက အသံလာရာ ဘက်ဆီသွားကြည့်ဖို့ မီးအိမ်ကိုယူပြီး နွားတင်းကုပ် ဆီကို ထွက်ခဲ့တာပေါ့။

ကိုပညာဟာ ကိုနရဲ့ မြင်းဇောင်းမှာ မီးမရှိဘဲ မှောင်နေတာကို သတိထားလိုက်မိတယ်။

ကိုန တစ်ယောက်ကတော့ မြင်းကလေးရဲ့ ဟီသံကိုတောင် မကြားဘဲ အိပ်မောကျနေပါလားလို့ ကိုပညာက စဉ်းစားမိပြီး နွားပေါက်ကလေးကို မြင်း ဇောင်းထဲမှာထား မြင်းပေါက်ကလေးကို နွားတင်း ကုပ်ထဲမှာ (နေရာပြောင်း)ထားလိုက်သတဲ့။ပြီးနောက်

mgyoe.com

mgyoe.com



ကိုပညာက အိမ်ပြန်ပြီး ပြန်အိပ်တာပေါ့။

နောက်တစ်နေ့ နံနက်စောစောမှာ ကိုပညာက ရွာထဲကို လှည့်ပတ်သွားလာနေတုန်း လူတိုင်းလိုလိုက ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုကို တအံ့တသြ ပြောဆိုနေကြတာ ကြားလိုက်ရတယ်။ "နွားမက မြင်းကလေးမွေးတယ်" ဆိုတာပါပဲ ... ရွာသားတွေက နွားတင်းကုပ်ဆီ စုရုံးရောက်လာကြပြီးတော့ မြင်းပေါက်စကလေးကို တအံ့တသြငေးကြည့်ကြတာပေါ့။ ထိုအချိန်မှာပဲ ကိုနဟာ သူ့မြင်းဇောင်းထဲက နွားပေါက်ကလေးကို တအံ့တသြ ကြည့်ပြီး စိတ်ထဲမှာ သက်မကင်းဖြစ်သွားတယ်။ ပြီးတော့ သူဟာ ကိုပညာဆီ သွားပြီး သူ့မြင်းပေါက်ကလေးကို ကိုပညာက ခိုးယူထားတယ်လို့ စွပ်စွဲပြောဆိုလိုက်တယ်။ ထိုအခါ ကိုပညာက သူ့မြင်းပေါက်ကလေးကို မခိုးကြောင်းငြင်းတယ်။ ဒီတစ်ကြိမ်မှာ ကိုနက "ဒါ့ဖြင့် ကျုပ်မြင်းဇောင်းထဲမှာ ဘာလို့ နွားပေါက်ကလေးရောက်နေရတာလဲ" လို့ ခံပြင်းစွာနဲ့ ပြန်မေးတာပေါ့။ ကိုနရဲ့ အမေးကို ကိုပညာက "ဒါဟာ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုပါပဲ" လို့ ပြောပြီး ဖျောင်းဖျပေးတာပေါ့။ ပြီးနောက် ကိုပညာရဲ့ နွားတင်းကုပ်ကို ကြည့်နေသူများက ကိုနရဲ့ မြင်းဇောင်းဘက်ကို ကူးလာပြီး တအံ့တသြကြည့်ရှုကြပြန်တယ်။

ကိုပညာနဲ့ကိုနတို့က သူတို့ရဲ့ ငြင်းခုံမှုကို မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးနိုင်တဲ့ တရားသူကြီးကို ရှာတွေ့ဖို့ တစ်ရွာဝင်တစ်ရွာထွက် ရှာဖွေခဲ့ကြတယ်။

ဒီလိုနဲ့ သူတို့ဟာ လမ်းမှာ ယုန်တစ်ကောင်ကို တွေ့ပြီး ငြင်းခုံမှုကို တရားမျှတစွာနဲ့ ဆုံးဖြတ်ပေးဖို့ တောင်းဆိုကြသတဲ့ ... ယုန်ကလည်း ကိုပညာနဲ့ ကိုနတို့ရဲ့ တောင်းဆိုမှုကို လက်ခံလိုက်တာပေါ့။ ငြင်းခုံသူနှစ်ဦးရဲ့ပြောစကားကို စုံစေ့အောင်နားထောင်ပြီးတဲ့နောက် ယုန်က "ကျုပ်အခု အလုပ်များနေတယ်၊ မအားဘူး" "သင်တို့ရဲ့ အမှုကို ဖြေရှင်းဖို့ ကျုပ် ရက်သတ်မှတ်ပေးမယ်"

"ဒီနေ့ကနေ ၇ ရက်မြောက်တဲ့နေ့ နေထွက်ခါစ နံနက်စောစောမှာ ခင်ဗျားတို့ ရွာကို ကျုပ်လာခဲ့မယ်" လို့ ယုန်က ကတိပေးစကားပြောလိုက်သတဲ့။ ပြီးတော့ ယုန်ကဆက်ပြီး "ခင်ဗျားတို့ နှစ်ယောက်ရဲ့ သက်သေတွေကို အတိအကျဖြစ်အောင် အသင့်ပြင်ဆင်ထားပေးပါ" လို့ ထပ်ပြီး သတိပေးလိုက်သတဲ့ ထိုအခါ ကိုပညာနဲ့ ကိုနလည်း တရားသူကြီးဖြစ်တဲ့ ယုန်ကို ကျေးဇူးတင်စကားပြောပြီး ရွာကို ပြန်လာကြတာပေါ့။

ချိန်းထားတဲ့ ရက်ရောက်လာတော့ ကိုပညာနဲ့ ကိုနတို့ နှစ်ဦးစလုံးက တရားသူကြီးယုန် လာမယ့်လမ်းမှာ စောင့်ကြိုနေကြတာပေါ့။ အဲဒီနေ့မှာ နေက တဖြည်းဖြည်း မြင့်လာပြီး မွန်းလွဲချိန်ရောက်လာတဲ့အထိ ယုန်ကပေါ်မလာသေးပါဘူး။ မွန်းလွဲချိန်ကျော်လို့ ညနေစောင်းပြန်တော့လည်း ယုန်က ရောက်မလာပါဘူး။ ဒါပေမဲ့ နေဝင်ချိန်လည်း ရောက်ရော ယုန်က ပေါ်လာပါတော့တယ်။ ယုန်အနေနဲ့တော့ သူ့ဘက်က ကတိစကားပျက်ကွယ်တယ်လို့ ပြောနိုင်ပါတယ်။ ထုံးစံအရဆိုရင် ရွာသားတွေက ယုန်ဘာကြောင့် နောက်ကျရသလဲလို့ မေးချင်ပေမဲ့ ဘယ်သူကမှမမေးကြပါဘူး။ ခဏကြာတော့ ယုန်က ...

"ကျွန်တော် စိတ်မကောင်းပါဘူး" "တကယ့်ကို နောက်ကျသွားပါတယ်" "ကျွန်တော်လမ်းမှာ အဖြစ်အပျက်တစ်ခုနဲ့ ကြုံတွေ့နေခဲ့ရလို့ပါ" "ကျွန်တော် မနက်က ခင်ဗျားတို့ဆီလာတဲ့အချိန်မှာ မြစ်ထဲက သောင်ပေါ်မှာ မီးလောင်နေတာကို တွေ့ရလို့" "ကြိမ်ခွက်" နဲ့ ရေခပ်ပြီး မီးငြိမ်းအောင် လောင်းနေခဲ့ရ

mgyoe.com

mgyoe.com



တယ်"လို့ အကျိုးအကြောင်း ပြောပြပါတယ်။

ကိုပညာက ယုန်ရဲ့ ပြောစကားတွေကို နားထောင်ပြီး ခုလိုစဉ်းစားမိသတဲ့ "တရားသူကြီး ယုန်က ရွာသားတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို စမ်းသပ်တာပဲ ဖြစ်ရမယ်" လို့ ထင်တာပေါ့။ ပြီးနောက် ကိုပညာက "တရားသူကြီးမင်း သင်ဟာ မြစ်ထဲက သောင် မီးလောင်တာကို ကြိမ်ခွက်နဲ့ ဘယ်လိုရေခပ်ပြီး ငြိမ်းခဲ့သလဲ" "ဒါက သဘာဝနဲ့ ဆန့်ကျင်မနေဘူးလား ..." "ကျုပ်ကတော့ ခင်ဗျားပြောတာကို မယုံပါဘူး"လို့ ပြောလိုက်တော့... "သိပ်မှန်တာပေါ့ ကိုပညာရယ်" "နွားမက ဘယ်လိုလုပ်ပြီး မြင်းကလေးမွေးမှာလဲဗျာ ..." "ဒါက သဘာဝနဲ့ဆန့်ကျင်မနေဘူးလား ..." လို့ ယုန်က ပြန်ပြီးချေပတာပေါ့။ ထို့နောက် တရားသူကြီးယုန်က "ကဲ အခုခင်ဗျားရဲ့ နွားပေါက်ကလေးကို ကိုနဆီက ပြန်ယူပြီး ခင်ဗျားဆီမှာရှိတဲ့ မြင်းပေါက်ကလေးကို ကိုနကို ပြန်ပေးလိုက်ပါ" လို့ ဆုံးဖြတ်ပေးသတဲ့။ တရားသူကြီး ယုန်ရဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ရွာသားတွေက သဘောကျလွန်းလို့ လက်ခုပ်တီးအားပေးကြတယ်။ ထိုနေ့က စပြီး ကိုပညာနဲ့ ကိုနတို့နေထိုင်တဲ့ တစ်ရွာလုံးက ယုန်ကို တရားသူကြီးအဖြစ် ရွေးချယ်သတ်မှတ်လိုက်ကြပါတော့တယ်။

■

mgyoe.com

mgyoe.com



# ၄။ မိုက်မဲသော တိရစ္ဆာန် ၃ ကောင်

ပညာရှိ ဖိုးရွှေယုန်ဟာ သစ်မင်အောက်မှာ ထိုင်ပြီး သူဘဝတစ်သက်တာအတွင်း ကြုံတွေ့ရတဲ့ အရာတိုင်းကို တစိမ့်စိမ့် ချင့်ချိန်တွေးဆနေသတဲ့။

"လောကကြီးမှာ ပြဿနာ အခက်အခဲနဲ့ အန္တရာယ်တွေ ပြည့်နှက်နေပါကလား" လို့ တစ်ယောက်တည်းရေရွတ်ပြောဆိုနေတယ်တဲ့။ ပထမဆုံး ဖိုးရွှေယုန်တွေးတာက လျှောင်လှုပ်တာတွေ၊ မုန်တိုင်းတိုက်ခတ်တာတွေ၊ မြေပြိုတာတွေ စတဲ့ သဘာဝဘေးအန္တရာယ် ကပ်ဆိုးတွေနဲ့ ပတ်သက်ပြီး ဒုတိယတွေးတောကတော့ အစာရေစာ ငတ်မွတ်ခေါင်းပါးမယ့် အန္တရာယ်ဖြစ်ပြီး၊ တတိယမြောက် စဉ်းစားမိတာကတော့ သူခိုးသူဝှက်နဲ့ ဓားပြတွေရဲ့ အန္တရာယ်တွေ ပါပဲတဲ့။ ဖိုးရွှေယုန်ဟာ စဉ်းစားနေရာမှ ချိန်းထားတဲ့ ကိစ္စတစ်ခုကို သတိရပြီး နေရာကထ သွားခဲ့တယ်။ ဖိုးရွှေယုန်က သူတွေးမိသမျှကိစ္စတွေ ကို"တစ်တီတူး" ငှက်"တီကောင်"နဲ့ "မျောက်"တို့ကို ပြောပြလိုက်တော့ မိုက်မဲတဲ့ အဲဒီတိရစ္ဆာန် ၃ ကောင်စလုံးက ကြောက်ရွံ့နေကြသတဲ့။ ပြီးနောက် တစ်တီတူးငှက်က "ကျွန်မ အိပ်ပျော်နေတုန်း ကောင်းကင်ကြီးက ကျွန်မအပေါ် ပြုတ်ကျလာရင် ဘယ်လိုလုပ်မလဲ"... ဆိုပြီး ငိုယိုပြီး

mgyoe.com

mgyoe.com



ပြောသတဲ့၊တစ်တီတူးငှက်က သဘာဝဘေးအန္တရာယ်ကို အလေးထားပြီး တွေးကြောက်တတ်တဲ့သူပေါ့။ ပြီးတော့ သူက "တကယ်လို့ ကောင်းကင်ဟာ ကျွန်မအပေါ် ပြုတ်ကျလာချိန် ရုတ်တရက် နိုးလာရင် ထပျံနိုင်ချိန်ရပေမဲ့ အိပ်နေတုန်း ကျလာရင်တော့ တစ်စစီကြေမွပြီး သေပွဲဝင်ရမှာပေါ့ နော်" လို့ ပြောပြန်တယ်။


တီကောင်ကတော့ အစာငတ်မည့်ဘေးကို အထူးတွေးပြီး ကြောက်တတ်သူပါ။ "တကယ်လို့များ မြေဆီလွှာတွေ ကုန်ခမ်းသွားရင် ကျွန်တော်အစာပြတ်ပြီး သေရတော့မှာပေါ့" လို့ငိုယိုပြီး ပြောရှာပါတယ်။ မျောက်ကတော့ သူခိုး ဓားပြအန္တရာယ်ကို ဦးစားပေး စဉ်းစားသူဖြစ်တယ်။ "ဒီမြေကြီးထဲ့ ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ဥစ္စာ ရတနာတွေပါ။ တကယ်လို့ ကျုပ်က သစ်ပင်ပေါ်တစ်ယောက်တည်း တက်ပြီး အိပ်နေတုန်း ခိုးသား ဓားပြတွေက မြေကြီးကို ခိုးယူသွားရင် ဒုက္ခ" ... လို့ မျောက်က ငိုယိုပြီး ပြောပါတဲ့။

သို့နှင့် တစ်တီတူးငှက်က ခြေထောက်နှစ်ချောင်းလေထဲမှာ ထောင်ပြီးပက်လက်အိပ်ပါလေရော၊ သူ့ခြေထောက်နှစ်ချောင်းက ကောင်းကင်ကြီး ပြိုကျလာခဲ့ရင် သူ့ပေါ်မကျအောင် ခြေထောက်နဲ့ ခံထားနိုင်ဖို့ပေါ့။ ဒီတော့ တီကောင်ကလည်း အစာရေစာငတ်ပြတ်မှာစိုးလို့ စားပြီးတဲ့ အစာတွေကို ပြန်ပြီး အန်ထုတ်သတဲ့။ မျောက်ကတော့ ညစဉ် ညတိုင်း သစ်ပင်ပေါ်ကနေ မြေပြင်ကို ၃ကြိမ်လောက် ဆင်းပြီး မြေကြီးတွေကို လာမခိုးနိုင်အောင်စောင့်ကြပ် သတဲ့၊ အင်မတန် အသိဉာဏ်မဲ့ပြီး မိုက်မဲလှတဲ့ တိရစ္ဆာန် ၃ ကောင်ပါတကား။

■

mgyoe.com

mgyoe.com



## ၅။ ယုန်နှာခေါင်းက ဘာကြောင့် ဆန့်ငင်ဆန့်ငင် တွန့်နေသနည်း

ယုန်ဟာပညာရှိလို့ ထင်ပေါ်ကျော်ကြားနေတာကို ဖားကမနာလို မရှုဆိတ်ဖြစ်နေသတဲ့။ ဒါကြောင့် ယုန်ကို တစ်တောလုံးက ဟားတိုက်ရယ်မောတဲ့အထိ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ဖားက ကြံစည်နေတော့တယ်။ ဒါကြောင့် ယုန်လမ်းလျှောက်လာတာကို မြင်လိုက်တာနဲ့ ဖားက ကျောက်တုံးအောက်မှာ ဝင်ပုန်းနေလိုက်တယ်။ ပြီးမှ ဖားက ကျောက်တုံးအောက်ကနေ အသံကျယ်ကြီးနဲ့ "အုံးအွမ်" လို့ အော်လိုက်တော့ ယုန်ကလန့်ပြီး လေထဲမြောက်အောင် ခုန်လိုက်တာပေါ့။ ပြီးတော့ ယုန်က ကြောက်ပြီး ပြေးပြန်တော့ ရွှေဖရုံသီးတစ်လုံးကို ဝင်တိုက်မိတယ်။ ရွှေဖရုံသီးက တလိမ့်လိမ့်နဲ့ ကုန်းဆင်းအတိုင်း ဆင်းသွားပြီး နှမ်းခင်းထဲက နှမ်းပင်ကို ဝင်တိုက်ပြန်သတဲ့။ ဒီတော့တိုက်မိတဲ့ နှမ်းပင်က နှမ်းစေ့တွေက အကုန်လုံး ပြန့်ကျဲကုန်ပါသတဲ့။ ဒီအချိန်မှာ တောကြက်တစ်ကောင်က အဲဒီနေရာမှာ ပျံဝဲနေတုန်းဆိုတော့ မျက်လုံးထဲကို နှမ်းစေ့တွေ လာမှန်တာပေါ့။ တောကြက်က ဝါးပင်ပေါ် ခဏနားပြီး မျက်လုံးသက်သာအောင်

mgyoe.com

mgyoe.com



ခဏစောင့်နေတုန်း ဝါးပင်က မြေကြီးပေါ်မှာ အိပ်နေတဲ့ မြွေအပေါ်ကို ရုတ်တရက် ကျိုးကျပါလေရော၊ မြွေကလည်း ကြောက်လန့်တကြားနဲ့ ထွက်ပြေးရင်း တစ်ကောင်တည်း အေးအေး ဆေးဆေး သခွားသီး ထိုင်စားနေတဲ့ တောဝက်ကို တိုက်မိပါသတဲ့။ ဒီတော့ တောဝက်ကလည်း ကြောက်လန့်တကြားနဲ့ သခွားသီးကို အနီးက ရေကန်ထဲ လွှတ်ချမိတယ်။ ဒါကို ရေကန်ထဲမှာအိပ်နေတဲ့ နဂါးက သခွားသီးနှောင့်ယှက်လို့ နိုးလာပြီး ဒေါသထွက်တော့တာပေါ့။ နဂါးကစိတ်ဆိုးဆိုးနဲ့ "မင်းသေရမယ်"လို့ သခွားသီးကို ပြောလိုက်တော့ "အိုး! ဆရာမလုပ်ပါနဲ့ အသက်ကို ချမ်းသာပေးပါ" "တောဝက်က ကျွန်တော့်ကို ဒီရေကန်ထဲရောက်အောင်လုပ်တာပါလို့ သခွားသီးက ဆင်ခြေပေးလိုက်တယ်။ ဒီတော့ နဂါးက ရေကန်ထဲကနေထွက်ပြီး တောဝက်ကို ဖမ်းလိုက်တယ်။ "မင်းသေရမယ်"လို့ နဂါးက တောဝက်ကို ပြောတော့ "မလုပ်ပါနဲ့ ဆရာရယ်" "ကျွန်တော့်ကို မြွေကဝင်တိုက်မိလို့ သခွားသီး လွှတ်ကျသွားတာပါ" လို့ တောဝက်က တောင်းပန်ရှာတယ်။ ဒီတော့ နဂါးက ရေကန်ထဲကထွက်ပြီး မြွေကို ဖမ်းလိုက်ပြန်တယ်။ "မင်းသေရမယ်"လို့ ထုံးစံအတိုင်း နဂါးက ပြောတော့ "ကျွန်တော် သူများကို အပြစ်မတင်ပါဘူး။ ဒါပေမဲ့ ဝါးပင်က ကျွန်တော့်အပေါ်ကျလာလို့ ခုလို လန့်ပြီး ဖြစ်ရတာပါ"လို့ မြွေက လျှောက်လဲချက်ပေးပါတယ်။ ဒီတော့ နဂါးက ဝါးပင်ဆီသွားပြီး "မင်းသေရမယ်" လို့ပြောတော့ "မလုပ်ပါနဲ့ဆရာ တောကြက်က ကျွန်တော့်ပေါ်လာနားလို့ ခုလိုဖြစ်ရတာပါ"လို့ ဝါးပင်က ရှင်းပြပါတယ်။ ထိုအခါ နဂါးက တောကြက်ကို ဖမ်းပြန်ရော ... ထုံးစံအတိုင်း "မင်းသေရမယ်" ပြောတော့ "နှမ်းစေ့က ကျွန်တော့် မျက်လုံးကို လာမှန်လို့ ရုတ်တရက် မမြင်ရတော့ဘဲ ဝါးပင်ပေါ် နားမိတာပါ"... လို့ တောကြက်က ပြန်ဖြေရှာတယ်။ နဂါးက နှမ်းပင်ဆီကိုသွားပြီး " မင်းသေရမယ်" ပြောပြန်တော့ နှမ်းပင်က "ရွှေဖရုံသီးက လိမ့်ပြီး ကျွန်တော့်ကို ဝင်တိုက်မိလို့ နှမ်းစေ့တွေ ခါချသလိုဖြစ်သွားတာပါ"လို့ နှမ်းပင်က အကျိုးအကြောင်း ရှင်းပြပါတယ်။ ဒီလိုနဲ့ ရွှေဖရုံသီးထံ နဂါးကသွားတော့ "ယုန်"က ဝင်တိုက်မိလို့ ခုလိုဖြစ်တာပါလို့ ဖရုံသီးက ပြောတော့ ယုန်ကလည်း ဖားအော်သံကြောင့် ထခုန် ထွက်ပြေးမိတဲ့အကြောင်း နဂါးကို တစ်ဆင့်စီ ရှင်းပြပါတယ်။ နောက်ဆုံးမှာ နဂါးက ကျောက်တုံးအောက်မှာ ပုန်းနေတဲ့ ဖားကိုသွားရှာတော့ ဖားက ထွက်ပြေးသွားလို့ ရှာမတွေ့ခဲ့ပါဘူး။ ဒီတော့ နဂါးက ယုန်ဘက်ပြန်လှည့်လာပြီး "မင်းကအလိမ်အညာကောင်ပဲ" "မင်းသေရမယ်"လို့ ကြိမ်းမောင်းနေတော့ သနားစရာယုန်ခမျာ ကြောက်လန့်လွန်းလို့ နှာခေါင်းက ဆန့်ငင်ဆန့်ငင် တွန့်သွားတာပေါ့။ အဲဒါကို နဂါးက အားရပါးရဟားတိုက်ရယ်မောပြီး စိတ်ဆိုးလည်းပြေရော ရေကန်ထဲကို ပြန်ဆင်းသွားပါသတဲ့။ ဒါကြောင့် ဒီနေ့ခေတ် ယုန်တွေရဲ့ နှာခေါင်းကို သတိထားကြည့်ရင် ဆန့်ငင် ဆန့်ငင်နဲ့ တွန့်နေတာကို တွေ့ကြရမှာပါ။

■

mgyoe.com

mgyoe.com


## ၆။ ကျားက ကြောင်ကို ဘာကြောင့် ခါးခါးသီးသီး မုန်းတီးရသလဲ

ကျားဆိုတာ သဘာဝအရ သန်မာကြီးထွားပြီး ရက်စက်တဲ့ သဘောရှိပေမဲ့ သူ့ရဲ့ ကိုးရိုးကားရားနိုင်တဲ့ လှုပ်ရှားပုံကြောင့် တစ်တောလုံးရဲ့ ရယ်စရာကြီးဖြစ်ခဲ့ရသတဲ့ ...

တောတွင်း တိရစ္ဆာန်ငယ်လေးတွေက ကျားကို ကြည့်ပြီး "သားကောင်မဖမ်းနိုင်ရင် အစာငတ်ပြီးသေမှာပဲ" ဆိုပြီးတော့ ရယ်နေကြတာပေါ့။

ကျားဟာ စိတ်မချမ်းမြေ့စွာနဲ့ ဝမ်းနည်းနေတုန်း သူ့ရဲ့ ဝမ်းကွဲညီအစ်ကိုတော်သူ ကြောင်ကို သွားသတိရမိတယ်။ ကျားက ကြောင်ဆီသွားပြီး "သားကောင်ဘယ်လိုဖမ်းရမယ်၊ အမဲဘယ်လို လိုက်ရမယ်" ဆိုတာတွေကို သင်ပြပေးဖို့ အကူအညီသွားတောင်းသတဲ့။ တကယ်လို့ ကြောင်က ပညာသင်ပေးမယ်ဆိုရင် ကျားကကြောင်ကို ၃ နှစ်တိတိ အလုပ်လုပ်ပေးမယ်လို့ ကတိပေးတော့ ကြောင်ကလည်း သဘောတူလိုက်တာပေါ့။

ဒီလိုနဲ့ ကျားဟာ ကြောင်ရဲ့ တပည့်ဖြစ်လာခဲ့



mgyoe.com

mgyoe.com


တယ်။ ကျားက ကြောင်ထက် ပိုအသက်ကြီးတဲ့ ဝမ်းကွဲအစ်ကိုပေါ့။ ကြောင်က ကျားကို ပညာသင်ပေးရာမှာ ကျားက အိမ်အလုပ်တွေကိုပါ တစ်ခါတည်း တွဲလုပ်ပေးရရှာတယ်။ ကျားက အိမ်သန့်ရှင်းရေးလုပ် အစားအသောက် ပြင်ပေးရနဲ့ တစ်ခါတစ်ခါကြောင်က အပြင်ထွက်ခိုင်းတဲ့ အလုပ်တွေကိုလည်း ဆောင်ရွက်ပေးရတယ်။ ကြောင်ကလည်း ဘယ်သွားသွား ကျားကို ခေါ်သွားပြီး သင်ခန်းစာ ပေးစရာမှန်သမျှ အကုန်ပေးသတဲ့။ ကျားကလည်း တပည့်ကောင်းပီသပါတယ်။ ပထမအစမှာတော့ ကြောင်ဟာ ကျားရဲ့ ဆရာကောင်းတစ်ဆူ ဖြစ်နေပေမဲ့ နောက်ပိုင်းမှာတော့ သူ့တပည့်အပေါ် မနာလိုဝန်တိုစိတ်ထားမိခဲ့တယ်။ ကြောင်ရဲ့ စိုးရိမ်ပူပန်တဲ့ စိတ်ထဲမှာတော့ "ကျားဟာ ကျုပ်သင်ပေးတဲ့ ပရိယာယ်တွေ လှည့်ကွက်တွေကို ကျုပ်နဲ့ထပ်တူ တတ်မြောက်အောင်သင်နိုင်တယ်" "တကယ်လို့များ ကျုပ်တတ်သိသမျှ ပညာအားလုံးကို သင်ပေးလိုက်ရင် သူက သန်မာပြီး ခွန်အားကြီးလို့ ကျုပ်လိုကြောင်ကို ကျော်တက်သွားမှာပဲ" လို့ ထင်နေတာပေါ့ ... ဒါကြောင့် ကျားကို ကြောင်က အရေးကြီးတဲ့ "လှည့်ကွက်"ပညာရပ်တစ်ခု သင်မပေးဘဲ ချန်ထားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီလိုနဲ့ ကျားက ကြောင်ကို အလုပ်လုပ်ပေးတဲ့ ကာလ ၃ နှစ်လည်း ပြည့်ရော ကျားက ကြောင်ကို ခလိုမေးပါတယ်။ "ဆရာ ကျွန်တော် ပညာအကုန်စုံအောင်တတ်ပြီလား" လို့ မေးလိုက်တော့ "အကုန်တတ်ပြီ" လို့ ကြောင်က မမှန်မကန် ဖြေဆိုလိုက်သတဲ့။ ထိုအခါ ကျားက ကြောင်ကို ကျေးဇူးတင်စကားပြောပြီး ပျော်ရွှင်စွာနဲ့ အိမ်ကို ပြန်လာတာပေါ့။

အခုတော့ ကျားက (ပညာစုံပြီဆိုတော့) တစ်ကောင်တည်း အမဲလိုက်ပါတော့မယ်။ သိပ်မကြာခင်မှာဘဲ ကျားက သူ့ကိုယ်သူစိတ်ပျက်မိသတဲ့။ အဲဒါကတော့ သမင်တစ်ကောင်ကို သူက ခုန်အုပ်ဖို့ ဝပ်နေတုန်း သမင်က အန္တရာယ်ကို သိပြီး ထွက်ပြေးသွားတယ်။ နောက်တစ်ကြိမ်မှာ နွားတစ်ကောင်ကို ခုန်အုပ်ဖို့ ဝပ်ပြန်တော့လည်း နွားက ထွက်ပြေးလို့ သားကောင်မရဘဲ ဖြစ်ခဲ့ရရှာတယ်။ "သားကောင်ကို မဖမ်းခင် အရင်ဆုံးပုန်းအောင်းပြီး ခုန်အုပ်ဖို့ ဝပ်ထားရတယ်" လို့ သူ့ဆရာကြောင်ရဲ့ ပြောစကားကို ပြန်ကြားယောင်မိတယ်။ ကျားက ဆရာသင်ထားတဲ့အတိုင်း အကောင်းဆုံးဖြစ်အောင် ပုန်းနေ ဝပ်နေပေမဲ့ သမင်ရော၊ နွားပါ ထွက်ပြေးသွားလို့ စိတ်ဓာတ်ကျနေရတာပေါ့။ နောက်ဆုံးမှာ ကျားက စဉ်းစားရင်းနဲ့ သူ့ရဲ့အားနည်းချက်ကို သိသွားခဲ့တယ်။ အဲဒါကတော့ သူ့အမြီးက တဘုတ်ဘုတ်နဲ့ ရမ်းနေတာမို့ သားကောင်တွေက လန့်ပြီး ထွက်ပြေးသွားတယ်ဆိုတာ အဖြေပေါ်လာပြီပေါ့။ ကျားက ပြန်တွေးလေ ဒေါသဖြစ်လေနဲ့ ငိုချပါတော့တယ်။ "ကြောင်က ငါ့ကို အမြီးငြိမ်အောင်သိမ်းဖို့ သင်မပေးခဲ့ဘူး" လို့ ပြန်တွေးရင်း သားကောင်ဖမ်းနေတုန်း ကြောင်က အမြီးငြိမ်နေတာကို ပြန်မြင်ယောင်မိသတဲ့။ ဒါကြောင့် ပညာစုံသင်မပေးတဲ့ ကြောင်ကို စားပစ်မယ်ဆိုပြီး ရှာပုံတော်ဖွင့်ခဲ့သတဲ့။ တကယ်တော့ ကြောင်ဟာ ကျားကို အမြီးငြိမ်အောင်ထားဖို့ သင်မပေးတာတင်မကဘဲ (ကြောင်တွေရဲ့သဘာဝအရ)သူတို့ရဲ့မစင်ကို တခြားသူတွေ မတွေ့အောင် မြေကြီးနဲ့ ပြန်ဖုံးတာကိုပါ သင်မပေးခဲ့ပါဘူး။

■

mgyoe.com

mgyoe.com


## ၇။ တင်ကျီးငှက်တွေမှာ ဘာကြောင့် အမြီးမရှိရတာလဲ

တစ်ခါတုန်းက လူသားတွေနဲ့ တိရစ္ဆာန်တွေကို အုပ်ချုပ်တဲ့ ဘုရင်တစ်ပါးရှိခဲ့ဖူးတယ်။ အဲဒီဘုရင်ရဲ့ အခြွေအရံတွေအဖြစ် လူသားရော တိရစ္ဆာန်တွေပါ အလုပ်အကျွေးပြုကြရတယ်။ အခြွေအရံတွေထဲမှာ "တင်ကျီးငှက်" ကလည်း တစ်ကောင် အပါအဝင်ပေါ့။ တင်ကျီးငှက်ဟာ သူ့ရဲ့ လှပတဲ့ အသွင်အပြင်တွေကို ပိုင်ဆိုင်ထားရလို့ အလွန်မာနကြီးနေသတဲ့။ တင်ကျီးငှက်ဟာ နန်းတော်တစ်ခုလုံး နေရာအနှံ့ကို သူ့ရဲ့လှပရှည်လျားတဲ့ အမြီးနဲ့ ဝင့်ဝင့်ကြွားကြွား သွားလာလေ့ရှိတယ်။ တင်ကျီးငှက်ရဲ့ အမြီးပုံစံက V ပုံစံရှိပြီးတော့ အမြီးရဲ့ အဆုံးသတ်နေရာမှာ အမည်းစက် အပြောက်ကလေးတွေ ပါရှိသတဲ့။

တစ်နေ့မှာ ဘုရင်ကြီးက သူ့ရဲ့ အခြွေအရံတွေအားလုံးနဲ့ မှူးကြီးမတ်ရာတွေကို ရှေ့တော်ဝင်ခစားစေဖို့ မိန့်တော်မှူလိုက်တယ်။

ဘုရင့်အမိန့်စာကို ဖတ်ပေးရမဲ့ ငါးကလေးက





mgyoe.com

တင်ကျီးငှက်နေတဲ့ အခန်းထဲလည်းရောက်ရော ငါး အလွန်ကြိုက်တဲ့ တင်ကျီးငှက်ကို တွေ့လို့ တအား ကြောက်သွားခဲ့တာပေါ့။ ငါးကလေးကို မြင်တဲ့ တင်ကျီးငှက်က စားချင်လွန်းလို့ သွားရည်များတောင် ယိုလာပါရော။ ဒါပေမဲ့ လူရော တိရစ္ဆာန်တွေပါ ဘုရင့်ရဲ့ အခြေအရုံတွေဖြစ်နေလို့ (ဘုရင်အပေါ် သစ္စာမဖောက်မိအောင်) သတိနဲ့ ထိန်းချုပ်လိုက်တာ ပေါ့။ ဒီလိုနဲ့ "တင်ကျီး"က ငါးကိုကြည့် ငါးကလည်း ကြောက်တဲ့ မျက်နှာနဲ့ တင်ကျီးကို ပြန်ကြည့်ဖြစ်နေ တော့တာပေါ့။ ဒီလိုနဲ့ ရတ်တရက် တင်ကျီးငှက်က ငါးကလေးကို ဘယ်ဘက်မျက်စိမှိတ်ပြလိုက်တယ်။ ထိုအခါ ငါးကလေးက ကြောက်လန့်ပြီးငယ်သံပါ အောင် ထအော်တာပေါ့။ ပြီးတော့ ငါးကလေးက ထွက်ပြေးပေမဲ့ နောက်ဆုံးမှာ ဘုရင့်သက်တော်စောင့် တွေ ဝိုင်းဖမ်းလို့ မိသွားခဲ့ရတယ်။

"ငါရဲ့ ခွင့်ပြုချက်မရဘဲနဲ့ နန်းတော်မှ ဟိုသွား ဒီသွား ဟိုပြေး ဒီပြေးလုပ်နေရလား" "ငါမင်းကြီးကို နှောင့်ယှက်တာလား" လို့ ဘုရင်က စစ်ဆေးတဲ့အခါ "မဟုတ်ရပါမင်းကြီး" "ကျွန်တော်မျိုးတို့ရဲ့ ငါးမျိုး တွေနဲ့ တင်ကျီးငှက်တွေဟာ ရှေးယခင်ကတည်းက ရန်ငြိုးရှိခဲ့တဲ့သူတွေပါ" "ကျွန်တော်မျိုးက တင်ကျီး ငှက် အခန်းထဲဝင်တော့ သူက ကျွန်တော်ကြောက် အောင် မျက်စိမှိတ်ပြတယ်" လို့ လျှောက်တင်တော့ ဘုရင်ကြီးလည်း ဝမ်းနည်းကြောက်လန့်နေရှာတဲ့ သနားစရာ ငါးကလေးကို နားလည်သွားပြီးစားတော် ပွဲတွေနဲ့ ဧည့်ခံဂုဏ်ပြုဖို့ "တင်ကျီးကို စီစဉ်ခိုင်း လိုက် သတဲ့။ တင်ကျီးငှက်က ငါးကလေးအတွက် ယမကာ နဲ့ အစားအသောက်တွေ ပြင်ဆင်ပေးတယ်။ ဒီလိုနဲ့ စားသောက်ရင်း ငါးကလေးက အရက်မူးလာတာပေါ့။

အဲဒီလို ငါးကလေး အရက်မူးတာကို အခွင့်ကောင်း ယူပြီး တင်ကျီးငှက်က ငါးကလေးရဲ့အမြီးကို ဖြတ်ပစ် လိုက်သတဲ့။ ဖြတ်လိုက်တဲ့ ငါးအမြီးကိုတော့ နောက်မှ စားမယ်ဆိုပြီး သစ်ပင်ခွကြားမှာ ဝှက်ထားလိုက် တယ်။


မနက်မိုးလည်းလင်းရော အမြီးမရှိတော့တာ ကို သိလိုက်ရတဲ့ ငါးကလေးက ဝမ်းနည်းပြီး ငိုကြွေး ရှာပါတယ်။ ဒါကို တင်ကျီးငှက်က "တစ်မြို့လုံးမှာ သူခိုးတွေချည်းပဲကွ" "မင်းအမြီးကို သူခိုးခိုးသွားတာပဲ ဖြစ်မယ်လို့" ဖြီးဖြန်းပြောဆိုတာပေါ့။ ဒါပေမဲ့ တင်ကျီးငှက်ရဲ့ စကားကို ငါးကလေးက လက်မခံပါ ဘူး။ ဒါနဲ့ ငါးကလေးက သူ့အမြီးပျောက်တဲ့ ကိစ္စကို ရုံးတော်တင်ဖို့ ဆုံးဖြတ်လိုက်တယ်။

တရားရုံးတော်က သက်သေအထောက်အထား များကို စစ်ဆေးမေးမြန်း နားထောင်ပြီးနောက် "ဧည့်သည်ရဲ့ ပစ္စည်းပျောက်ဆုံးမှု တိုင်းမှာ အိမ်ရှင် က တာဝန်ရှိတယ်"လို့ ဆုံးဖြတ်ပေးတယ်။ ဒါကြောင့် အိမ်ရှင်ဖြစ်သူ တင်ကျီးငှက်က ဧည့်သည်ငါးကလေး ကို အလျော်ပေးတဲ့အနေနဲ့ သူ့အမြီးဖြတ်ပေးပြီး ငါးကလေးကို ကျေအေးပေးလိုက်ရသတဲ့။ ဒါကြောင့် ယနေ့ ငါးကလေးတွေရဲ့အမြီးမှာ V ပုံစံဖြစ်နေတာ ပေါ့။ အမြီးဖြတ်ပစ်ရတဲ့ တင်ကျီးငှက်ခမျာ သူစော စောက ဖြတ်ပြီး ခိုးထားတဲ့ ငါးအမြီးကို ပြန်ဆက်ပြီး သုံးချင်ပေမဲ့ သူခိုးလို့ စွပ်စွဲခံရမှာစိုးလို့ ငါးအမြီးဝှက် ထားတဲ့ သစ်ပင်ခွကြားဆီကို ပြန်မသွားရဲတော့ပါဘူး။ ဒါကြောင့် ယနေ့ခေတ် တင်ကျီးငှက်တွေကိုကြည့်ရင် အမြီးမပါဘဲ တုံးတိကြီး ဖြစ်နေတာကို တွေ့ရပါလိမ့် မယ်။

■

mgyoe.com

mgyoe.com



## ၈။ ကျီးကန်းနဲ့ နံပြည်စုတ်

တစ်ခါတုန်းက ကျီးကန်းဟာ နံပြည်စုတ်ငှက်ကို ဖမ်းမိပြီး "ငါအခုမင်းကို စားတော့မယ်" လို့ ပြောတော့ "အောင်မယ်လေး ငါ့ရဲ့သမီးငယ်လေးရယ်" "ငါ သေသွားခဲ့ရင် ငါ့ကို လိုက်ရှာနေမှာပဲနော်" လို့ နံပြည်စုတ်က ငိုချင်းချနေတော့ ကျီးကန်းက စုလို စဉ်းစားလိုက်တယ်။ " အင်း ဒီနံပြည်စုတ်ကတော့ အသားအရေ ရင့်ရော်ကြမ်းတမ်းပြီး အသက်ကလည်း ကြီးနေပြီ" "တကယ်လို့ သူ့သမီးကလေးဆိုရင်တော့ ငယ်ရွယ်နုပျိုပြီး အသားအရေက နူးညံ့နေမှာပဲ" လို့ တွေးသတဲ့။

ဒီတော့ ကျီးကန်းက "ကဲ အခု ခင်ဗျားကို လွှတ်ပေးလိုက်မယ်" "ဒါပေမဲ့ ဒီနေ့ကနေ ၇ ရက်မြောက်တဲ့နေ့မှာ ကျုပ်စားဖို့ ခင်ဗျား သမီးငယ်လေးကို ဆက်ဆက် လွှတ်ပေးလိုက်ပါ" လို့ပြောကော့ နံပြည်စုတ်ကလည်း သဘောတူတာကြောင့် ကျီးကန်းက လွှတ်ပေးလိုက်တာပေါ့။

ဒီလိုနဲ့ ၇ ရက်မြောက်တဲ့နေ့မှာ ကျီးကန်းက နံပြည်စုတ်ဆီသွားပြီး နံပြည်စုတ်ရဲ့ သမီးငယ်ကလေးကို မေးပါတော့တယ်။ "သင်က အမှိုက်သရိုက်နဲ့ ညစ်ပတ်တဲ့ အစာအားလုံးကို စားလို့ သင့်နှုတ်သီးက ညစ်ပတ်နေတာပဲ" "ကျွန်မ့သမီးကလေးက ချစ်စရာကောင်းပြီး အသန့်အပြန့်ကြိုက်တယ်" "ဒီတော့ ရှင်

mgyoe.com

mgyoe.com


နှုတ်သီးကို ကျွန်မ မျက်စိရှေ့မှာ သန့်ရှင်းရေး မလုပ်ဘူးဆိုရင် ... ကျွန်မ သမီးလေးကိုလည်း မစားပါနဲ့" လို့ မိခင်နံ့ပြည်စုတ်က ပြောတော့ ကျီးကန်းက ကောင်းပြီ၊ ကျွန်တော် ရေယူပြီး ပြန်လာခဲ့မယ်" လို့ ပြောပြီးပျံသွားသတဲ့၊ကျီးကန်းက ရေရှိတဲ့နေရာလည်း ရောက်ရော ... ခုလို ပြောလိုက်သတဲ့။

"ရေ" "ရေ" ငါနဲ့အတူ လိုက်ခဲ့လေ၊

ငါ့နှုတ်သီးကို ဆေးကြောဖို့၊

နံ့ပြည်စုတ်ကလေးကို စားရဖို့၊

ထိုအခါ ရေက "အိုး မပါဘဲနဲ့ ကျုပ်ကို ဘယ်လို သယ်မလဲ"

"ပထမဆုံး အိုးကို အရင်ရှာလာခဲ့ပါ"လို့ ပြောတော့ "ကောင်းပါပြီ" လို့ ကျီးကပြောပြီး ပျံထွက်သွားတယ်။ ခဏကြာတော့ ကျီးကန်းက "အိုး" ရှိရာကိုသွားပြီး ခုလို ပြောလိုက်သတဲ့။

"အိုးကလေး" "အိုးကလေး"

တို့နဲ့လိုက်ခဲ့ပါ "အိုးကလေး"

ရေကိုသယ်ဆောင်ဖို့၊

ငါ့နှုတ်သီးကို ဆေးကြောဖို့

နံ့ပြည်စုတ်ငှက်ကလေးကို စားရဖို့၊

ထိုအခါ အိုးက "ငါက ရေသယ်ပေးချင်ပါတယ်၊ ဒါပေမဲ့ ဘေးမှာ အပေါက်ပါနေလို့ သယ်လို့မရဘူး၊ ဒီတော့ အိုးပေါက်ဖာဖို့ ရွှံ့ကိုသွားရှာပါဦး" လို့ ပြောတော့ "ကောင်းပါပြီ" လို့ ကျီးကန်းက ပြောပြီး ပျံထွက်သွားတယ်။ ကျီးကန်းက ရွှံ့ရှိရာနေရာကို ရောက်တော့ ခုလိုပြောတာပေါ့။

ရွှံ့ကလေး ရွှံ့ကလေး တို့နဲ့လိုက်ပါ ရွှံ့ကလေး

အိုးပေါက်လေးကို ဖာထေးဖို့

ရေကိုသယ်ဆောင်ဖို့

ငါ့နှုတ်သီးကိုဆေးကြောဖို့

နံ့ပြည်စုတ်ငှက်ကလေးကို စားရဖို့

ထိုအခါ ရွှံ့က "ကျုပ်အသားက အိုးဖာထေးဖို့ မာလွန်းလှတယ်" "ဒါကြောင့် ကျွဲတစ်ကောင်ခေါ်ပြီး လူးလိမ့်ခိုင်းရင်ပျော့သွားမယ်"လို့ ပြောတော့"ကောင်းပါပြီ" လို့ပြောပြီး ကျီးကန်းက ထပျံသွားသတဲ့။

ကျီးကန်းက ကျွဲရှိရာနေရာလည်းရောက်ရော ခုလို ပြောပြန်တယ်။

"ကိုကျွဲကြီး" "ကိုကျွဲကြီး"

ကျုပ်နဲ့လိုက်ပါ ကိုကျွဲကြီး"

ရွှံ့ကို ပျော့အောင်လိမ့်လူးဖို့

အိုးပေါက်ကလေးကို ဖာထေးဖို့

ရေကိုသယ်ဆောင်ဖို့

ငါ့နှုတ်သီးကို ဆေးကြောဖို့

နံ့ပြည်စုတ်ငှက်ကလေးကိုစားရဖို့၊

ထိုအခါ ကိုကျွဲက "ကျုပ်ရွှံ့လူးပေးဖို့ အားမရှိပါဘူး" "အခုဗိုက်ဆာနေပါတယ်" "ဒီတော့ကျွန်တော့်စားဖို့ မြက်နည်းနည်းလောက် ရှာပေးပါ"လို့ပြောတော့ "ကောင်းပါပြီ"လို့ ကျီးကန်းက ပြောပြီး ပျံထွက်သွားပြန်သတဲ့။ ကျီးကန်းက မြက်ရှိတဲ့ နေရာလည်း ရောက် ရော ခုလို ပြောတာပေါ့။

"မြက်ကလေး" "မြက်ကလေး"

"တို့နဲ့လိုက်ပါ မြက်ကလေး"

ကိုကျွဲကြီးကို အစာကျွေးဖို့

ရွှံ့ကိုပျော့အောင်လိမ့်လူးဖို့

အိုးပေါက်ကလေးကို ဖာထေးဖို့

ရေကိုသယ်ဆောင်ဖို့

ငါ့နှုတ်သီးကို ဆေးကြောဖို့

နံ့ပြည်စုတ်ငှက်ကလေးကို စားရဖို့

ထိုအခါ မြက်ကလေးက "ကျုပ်ကလာချင်ပါတယ်" " ဒါပေမဲ့ ကျွဲကအစားကြီးတော့ ကျုပ်တို့လို

mgyoe.com

mgyoe.com



မြက်တွေ အများဆုံးလိုနေမှာပဲ" "တကယ်လို့ လတ်ဆတ်တဲ့ မြေမှာ ကျုပ်ကို စိုက်ပေးရင် ကျွဲအတွက် အဆင်ပြေမှာပေါ့" လို့ ပြောတော့ "ကောင်းပါပြီ" လို့ ကျီးကန်းက ပြောပြီး ပျံထွက်သွားခဲ့သတဲ့။

ကျီးကန်းက မြေနေရာလည်း ရောက်ရော ခုလိုပြောပြန်တယ်။

"ကိုမြေကြီး" "ကိုမြေကြီး"
တို့နဲ့လိုက်ပါ ကိုမြေကြီး
မြက်ပင်လေးတွေ ရှင်သန်ဖို့
ကိုကျွဲကြီးကို အစာကျွေးဖို့
နွှံ့ကို ပျော့အောင် လိုမ့်လူးဖို့
အိုးပေါက်ကလေးကို ဖာထေးဖို့
ရေကိုသယ်ဆောင်ဖို့
ငါ့နှုတ်သီးကို ဆေးကြောဖို့
နံပြည်စုတ်ငှက်ကို စားရဖို့

ထိုအခါ ကိုမြေကြီးက "ကျုပ်လည်း လိုက်ခဲ့ချင်ပါတယ်။" "ဒါပေမဲ့ ခင်ဗျားမြင်တဲ့အတိုင်း ကျုပ်ကို သစ်တောတွေက ဖုံးအုပ်ထားတယ်" "ဒီလိုဆို မြေပြင်ပေါ်မှာ မြက်တွေ ဘယ်လိုပေါက်နိုင်မှာလဲ" "တကယ်လို့သာ သစ်တောမရှိရင် ကောင်းမှာပဲ"လို့ ပြောတော့ "ကောင်းပါပြီ" လို့ ကျီးကန်းက ပြောပြီး ပျံသွားခဲ့တယ်။ ကျီးကန်းက သစ်တောရှိတဲ့နေရာလည်း ရောက်ရော ခုလို ပြောလိုက်သတဲ့ ...

"ကိုသစ်တော ကိုသစ်တော"ဝေးဝေးသွားပါ
ကိုသစ်တော
မြေပြင်ကို ရှင်းလင်းဖို့
မြက်ပင်လေးတွေ ရှင်သန်ဖို့
ကိုကျွဲကြီးကိုသာ အစာကျွေးဖို့
နွှံ့ကိုပျော့အောင် လိုမ့်လူးဖို့
အိုးပေါက်ကလေးကို ဖာထေးဖို့
ရေကိုသယ်ဆောင်ဖို့
ငါ့နှုတ်သီးကို ဆေးကြောဖို့
နံပြည်စုတ်ငှက်ကို စားရဖို့

ထိုအခါ သစ်တောက "ကျုပ်ကအဝေးကို သွားချင်ပါတယ်။ ဒါပေမဲ့ ရွှေ့လို့မရဘူး"၊ "ကျုပ်ရဲ့ သစ်ပင်မြစ်တွေက မြေကြီးထဲမှာ နစ်ဝင်နေလို့ပါ" "တကယ်လို့ မီးကိုသာ ယူပေးပြီး ကျုပ်ကို ရှို့ပေးရင် မြေပြင်က ရှင်းလင်းသွားမှာပါ" လို့ ပြောတော့ "ကောင်းပြီ"လို့ ကျီးကန်းက ပြောပြီး ပျံထွက်သွားသတဲ့။ မီးရှိတဲ့နေရာကို ကျီးကန်းက ရောက်တော့ ခုလို ပြောလိုက်တယ်။

"မီး" "မီး" ကျုပ်နဲ့လိုက်ပါ "ကိုမီး"
သစ်တောတွေကို မီးရှို့ဖို့
မြေပြင်ကိုရှင်းလင်းဖို့
မြက်ပင်လေးတွေရှင်သန်ဖို့
ကိုကျွဲကြီးကို အစာကျွေးဖို့
နွှံ့ကိုပျော့အောင် လိုမ့်လူးဖို့
အိုးပေါက်ကလေးကို ဖာထေးဖို့
ရေကိုသယ်ဆောင်ဖို့
ငါ့နှုတ်သီးကိုဆေးကြောဖို့
နံပြည်စုတ်ငှက်ကို စားရဖို့

ထိုအခါ မီးက "ကျုပ်လာခဲ့ပါ့မယ်" လို့ ပြောလိုက်တော့ ကျီးကန်းက ပျော်ရွှင်စွာနဲ့ မီးကိုနှုတ်သီးနဲ့ သယ်ပြီး သစ်တောရှိရာကို ပျံသန်းခဲ့တာပေါ့။ ဒါပေမဲ့ ကျီးကန်းက သစ်တောဆီ မရောက်ခင်မှာဘဲ သူ့နှုတ်သီးကို မီးစွဲလောင်ပါတော့တယ်။ ဒီတော့ ကျီးကန်းဟာ နံပြည်စုတ်ငှက်စားရဖို့ ကြိုးစားခဲ့သမျှ အားလုံးမျှော်လင့်ချက်ကင်းမဲ့ပြီး အိမ်ကို စိတ်ပျက်လက်ပျက်နဲ့ ပျံသွားခဲ့သတဲ့ကွယ်။

■

mgyoe.com

mgyoe.com



## ၉။ ငှက်တွေကြားမှာ ဘယ်လိုစပြီး မိတ်ဖွဲ့မှာလဲ

ငှက်တွေဟာ ပထမတုန်းက တစ်ကောင်နဲ့တစ်ကောင် ဘယ်လို မိတ်ဖွဲ့ရမယ်ဆိုတာကို မသိခဲ့ကြပါဘူး။ ဒါကြောင့်လည်း ငှက်တစ်ကောင်နဲ့ တစ်ကောင်တွေ့တာနဲ့ သူ့ထက်ငါလှတယ်။ ငါ့ထက်သူလှတယ်ဆိုပြီး ပြိုင်ဆိုင်မှုတွေနဲ့ နေခဲ့ကြတာပေါ့။ တစ်ခါတစ်ရံမှာ သူလှတယ် ငါလှတယ်ဆိုပြီး ငြင်းခုံရာမှ ရန်ဖြစ်တဲ့ အထိပြဿနာကြီးထွားတတ်သေးသတဲ့။

တစ်နေ့မှာ ဘုတ်ငှက်ဟာ ကျီးကန်းကိုတွေ့ပြီး ရန်ဖြစ်လိုစိတ်မရှိတာကြောင့် "ခင်ဗျားက ကျုပ်ထက်ပိုလှတယ်" ... လို့ ပြောလိုက်တယ်။ ဘုတ်ငှက်ရဲ့ စကားကို ကြားရတဲ့ ကျီးကန်းဟာ အံ့သြရုံမက စိတ်ထဲကလည်း အတော်ကျေနပ်သွားခဲ့သတဲ့။

ဒါပေမဲ့ ကျီးကန်းက ဘုတ်ငှက်ကို "ဟာမဟုတ်တာပဲ"ခင်ဗျားကသာ ကျုပ်ထက်သာတာပါ" လို့ပြန်ပြောပြီး ကျီးနဲ့ဘုတ်တို့ နှစ်ကောင်အတူထိုင်ပြီး စကားစမြည်ပြောကြပါတယ်။ "ဒီမှာ ကိုကျီး" "ကျုပ်ခင်ဗျားကို သဘောကျတယ်" "ကျုပ်တို့ အတူနေထိုင်ကြရအောင်"လို့ "ဘုတ်" ငှက်ကပြောတော့ "ကောင်းပါပြီ ကိုဘုတ်" ကျီးက ပြန်ပြောပါတယ်။ ဒီလိုနဲ့ ကျီးနဲ့ ဘုတ်တို့ဟာ သစ်ပင်ကြီးတစ်ပင်ပေါ်မှာ

mgyoe.com

mgyoe.com



အတူတကွ နေထိုင်ဖြစ်ကြသတဲ့၊ အချိန်တွေကြာလာတာနဲ့အမျှ သူတို့နှစ်ဦးရဲ့ အပြန်အလှန် လေးစားမှုတွေကလည်း ပိုပြီး လေးနက်လာကြတယ်။ တခြားငှက်တွေက ကျီးနဲ့ဘုတ်တို့ရဲ့ ဆက်ဆံရေးကို တအံ့တသြ စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြလေရဲ့။ ကျီးနဲ့ ဘုတ်တို့ဟာ အချိန်အတန်ကြာတဲ့အထိ အတူတကွနေထိုင်ပေမယ့် တစ်ကောင်နဲ့တစ်ကောင် မသင့်မြတ်ဘဲ ရန်ဖြစ်တယ်ဆိုတာ မရှိခဲ့လို့ အားလုံးသောငှက်တွေက အံ့သြနေတာပေါ့။

နောက်ဆုံးမှာ ကျီးနဲ့ဘုတ်ရဲ့ ဆက်ဆံရေးအခြေအနေကို စမ်းသပ်ဖို့ ကျန်တဲ့ငှက်တွေက သဘောတူဆုံးဖြတ်ကြတယ်။ ဒါကြောင့် ကျီးကန်းမရှိချိန်မှာ ဘုတ်ငှက်ဆီသွားပြီး ခုလို သွေးထိုးပေးကြတယ်"ကိုဘုတ်ငှက် ခင်ဗျားကျီးကန်းနဲ့တွဲပြီးနေထိုင်တာ ဘယ်လိုမှကို မကောင်းပါဘူး" လို့ ပြောတော့ဘုတ်ငှက်က "ခင်ဗျားတို့ ဒီလိုမပြောပါနဲ့"… ကိုကျီးဟာ ကျုပ်ထက်တော်တဲ့သူပါ။ သူဟာ ကျုပ်ကိုစောင့်ရှောက်ပေးနေတာပါ" လို့ ပြန်ပြောသတဲ့။

နောက်တစ်နေ့ နံနက်မှာတော့ အခြားငှက်တွေက "ဘုတ်"ငှက်မရှိတုန်း ကျီးကန်းဆီသွားပြီး "ခင်ဗျား ဘုတ်ငှက်နဲ့ ဘာလို့တွဲနေတာလဲ ကိုကျီး" "ခင်ဗျားအတွက် လုံးဝမကောင်းပါဘူးဗျာ" … လို့ ပြောပြန်တော့ " ခင်ဗျားတို့ ဒီလို စကားကို ရုပ်သိမ်းလိုက်ပါ" "ကျုပ်ကတော့ ဘုတ်ငှက်လို လုံးဝ ယုံကြည်လို့ အတူနေထိုင်မှာပဲ" လို့ ကျီးငှက်က ပြန်ပြောလိုက်သတဲ့။ ကျီးနဲ့ဘုတ်ငှက်တို့ရဲ့ တစ်ဦးအပေါ်တစ်ဦးထားရှိတဲ့ လေးနက်တဲ့ ခင်မင်မှုတွေကို အားကျပြီးချီးမွမ်းကြတယ်။ ပြီးတော့ "ငါတို့လည်း ကျီးနဲ့ဘုတ်လို တစ်ဦးနဲ့တစ်ဦး ဘာလို့ အပြန်အလှန် လေးစားခင်မင်မှု မလုပ်နိုင်ရမှာလဲ" ဆိုပြီးတော့ နမူနာကောင်းအတိုင်း အပြန်အလှန် ဆက်ဆံခဲ့ကြရာမှ ငှက်တွေကြား ရင်းနှီးချစ်ကြည်မှုတွေ ပိုမိုတိုးတက်အောင်တည်ဆောက်နိုင်ခဲ့ကြသတဲ့ကွယ်…

■

mgyoe.com

mgyoe.com



## ၁၀။ ကျီးကန်းတွေက ဘယ်လိုကြောင့် အရွယ်ငယ်သွားခဲ့ရသလဲ

တစ်ခါတုန်းက လူသားအားလုံးနဲ့ တိရစ္ဆာန်အားလုံးကို အုပ်ချုပ်တဲ့ ဘုရင်ကြီးတစ်ပါးရှိခဲ့သတဲ့။ သူဟာ တိုင်းသူပြည်သားတွေကို သနားကြင်နာတတ်ပြီး တရားမျှတစွာ အုပ်ချုပ်သူဖြစ်တယ်။

ဘုရင်ကြီးရဲ့ နောက်လိုက်တွေထဲမှာ ကောက်ကျစ်စဉ်းလဲသူ အနည်းငယ်ရှိတာကလွဲလို့ ကျန်နောက်လိုက်အတော်များများက ဘုရင်ကိုချစ်ကြောက်ရိုသေတတ်ကြသတဲ့။

ဘုရင်ကြီးဟာ ခန္ဓာကိုယ်တောင့်တင်းသန်မာထွားကြိုင်းပြီး သူ့လက်သီးဆုပ်ကို မြင်ရတဲ့ ပုန်ကန်လိုသူတွေအဖို့ သူ့ကို ကြောက်ပြီး အညံ့ခံလိုစိတ်တောင်ဖြစ်လာခဲ့ကြတယ်။

တစ်နေ့မှာ ကျီးကန်းဟာ ဘုရင်ကြီးကို ပုန်ကန်ဖို့ ဆုံးဖြတ်ထားသတဲ့။ကျီးကန်းဟာ ထိုခေတ်ကာလမှာ ခွန်အားအလွန်ကြီးတဲ့ ငှက်မျိုးဖြစ်ပြီး အလွန်လည်း ကောက်ကျစ်စဉ်းလဲတယ်တဲ့။ကျီးကန်းဟာ ဘုရင်ကြီးရဲ့ အုပ်ချုပ်မှုအောက်က ရုန်းထွက်ပြီး ငှက်အားလုံးရဲ့ ဘုရင်ကြီးတစ်ဆူအဖြစ် အုပ်ချုပ်ချင်နေတာပေါ့။ ဒီတော့ ကျီးကန်းဟာ ငှက်အားလုံးက သူ့ကို အသိအမှတ်ပြုလာအောင် အတင်းအဓမ္မ စည်း

mgyoe.com

mgyoe.com



ရုံးတာပေါ့။ သူ့ကို အညံ့မခံတဲ့ ငှက်တွေကို တိုက်ခိုက်ရင်းနဲ့ နောက်ဆုံးမှာ ငှက်အားလုံးဟာ သူ့လက်အောက်ကို ရောက်လာခဲ့ကြတယ်။ ဒီအခြေအနေကို ကျီးကန်းက ကျေနပ်အားရမှု မရှိသေးပါဘူး။ သူဟာ လူသားအားလုံးကိုပါ စိုးမိုးအုပ်ချုပ်ချင်နေတာပေါ့။


ဒီလိုနဲ့ မာန်မာနထောင်လွှားပြီး ခြေရာတိုင်းချင်တဲ့ကျီးကန်းဟာ ဘုရင်ကြီးနေထိုင်ရာ နေပြည်တော်ကို သူ့ရဲ့ ငှက်ပေါင်းစု တပ်တွေနဲ့ ရောက်လာခဲ့တယ်။

ဘုရင်ကြီးဟာ ကျီးကန်းရဲ့ကောက်ကျစ်တဲ့အကြံကို သိပြီးဖြစ်လို့ ကျီးကန်းနဲ့ "ငှက်ပေါင်းစု" တပ်ကိုလည်း မသေစေချင်။ လူသားတပ်ဖွဲ့ကိုလည်း မသေစေချင်တာကြောင့် သူ့ရဲ့တပ်ဖွဲ့ကို အသိမပေးဘဲ တစ်ယောက်တည်း ထွက်လာခဲ့တယ်။ "ဒီမှာ ကျီးကန်း" "ငါကတော့ မင်းကိုရော၊ မင်းတပ်ဖွဲ့တွေကိုရော မသတ်ချင်ဘူး" "ဒါ့ကြောင့် မင်းနဲ့ တပ်ဖွဲ့တွေကို လူစုခွဲပါ" "ဒါဆို မင်းကို ငါခွင့်လွှတ်မယ်"လို့ ဘုရင်ကြီးက ပြောတော့ မာန်တက်နေတဲ့ ကျီးကန်းက "ဒီမှာမင်းကြီး ... ကျုပ်တို့ရဲ့တပ်တွေကို ကြည့်ပြီး ကြောက်သွားပြီလား"လို့ ပြောတော့ ဘုရင်ကြီးက ခံပြင်းစိတ်နဲ့ လက်သီးဆုပ်လိုက်တယ်။ ခါတိုင်းဆို ဘုရင်ကြီးရဲ့ လက်သီးဆုပ်ကို ကျီးကန်းက ကြောက်ရွံ့ပေမယ့် အခုချိန်မှာတော့ ရယ်မောလှောင်ပြောင်နေပါတော့တယ်။ ကျီးကန်းဟာ ဘုရင်ကြီးဒေါသဖြစ်အောင် အကြိမ်ကြိမ်စော်ကား ပြောဆိုနေတာကြောင့် ဘုရင်ကြီးက "ကျီးကန်း ငါမင်းကို မသတ် ချင်ဘူး။ ဒါပေမဲ့ မင်းရဲ့ စော်ကားမှုတွေအတွက် မင်းကို အပြစ်ပေးရလိမ့်မယ်။ မင်းဟာ ငါ့လက်သီး လက်ဆကို လှောင်ပြောင်တယ်။ မာန်မာနတက်တယ်။ အခု ငါမင်းကို ကျိန်ဆိုပြီး အပြစ်ပေးတော့မယ် "အရွယ်အစားကြီးတဲ့ ခန္ဓာကိုယ်နဲ့အံတုချင်တဲ့ စိတ်ကို ချိုးနှိမ်ဖို့ "အခုစပြီး ကျီးကန်းရဲ့ အရွယ်ဟာ ကျွန်ုပ်၏လက်သီးဆုပ်အရွယ်မျှသာ ရှိပါစေသတည်း" လို့ ကျိန်ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ကျီးကန်းမိုက်ရဲ့ အရွယ်ဟာ တဖြည်းဖြည်း ရှုံ့သွားပြီး ဘုရင်ကြီးရဲ့ လက်သီးဆုပ်အရွယ်ခန့်အထိ ဖြစ်သွားသတဲ့။ ကျန်တဲ့ ငှက်တွေအားလုံးကလည်း ဘုရင်ကြီးကို တောင်းပန်ပြီး အရင်လို နောက်လိုက် ကောင်းတွေ ပြန်လုပ်ကြတာပေါ့။ ကောက်ကျစ်တဲ့ ကျီးမိုက်ကတော့ ကြောက်လည်းကြောက် ရှက်လည်း ရှက်ပြီး အဝေးကို ပျံသန်းထွက်ပြေးသွားသတဲ့ကွယ်။

■

mgyoe.com

mgyoe.com



## ၁၁။ ကြွက်မလေးအတွက် သတို့သား

ကြွက်မလေးဟာ အင်မတန် ချောမောလှပလွန်းလို့ သူ့မိဘများက စွမ်းအားအရှိဆုံးသူနှင့် ထိမ်းမြားလက်ထပ်ပေးဖို့ စီစဉ်ကြတယ်။ ဒါ့ကြောင့် မိဘနှစ်ပါးစလုံးက သမီးအတွက် သတို့သားလောင်း ရှာပုံတော်ဖွင့်ခဲ့ကြတယ်။

ပထမဆုံး သူတို့က နေဆီသွားပြီး "အိုနေမင်း ကျေးဇူးပြု၍ ကျွန်တော်မျိုးတို့ရဲ့ လှပတဲ့ သမီးလေးနဲ့ လက်ထပ်ပါလား" ... လို့ ပြောတော့ နေမင်းက "ကျုပ်က ခွန်အား (စွမ်းအား) အရှိဆုံးသူ မဟုတ်သေးပါဘူး "မိုးမင်း" ကသာ ကျုပ်ထက်ပိုပြီး အစွမ်းရှိပါတယ်" လို့ ပြောတော့ ကြွက်မလေးရဲ့ မိဘများလည်း "မိုးမင်း"ထံရောက်သွားကြတာပေါ့။ ဒီတစ်ခါမှာလည်း "မိုးမင်း"က "မိုးဖြစ်လာဖို့အတွက် မိုးတိမ်တိုက်တွေ အားကောင်းနေမှ ရမယ်။ ဒါပေမဲ့ "လေမင်း"က တိုက်ခတ်ရင် မိုးတိမ်တွေ လွင့်ပါးသွားရပါတယ်။ ဒါ့ကြောင့် ကျုပ်ထက် "လေ"က ပိုပြီးအစွမ်းရှိပါတယ်"လို့ ပြောတော့ မိဘများလည်း "လေမင်း" ထံ ရောက်သွားကြပြန်ရော ...

"လေမင်းက "လေအရှိန်ဘယ်လောက်ပဲ ကောင်းကောင်း တောင်ကုန်း ကမူတွေရှိနေရင် ဘယ်လောက်အားပြင်းတဲ့ လေဖြစ်ဖြစ် အားပျော့သွား ရတာပဲ။ ဒါ့ကြောင့် "လေ"ကို စွမ်းအားအရှိဆုံးလို့ မှတ်ယူလို့ မဖြစ်သေးပါဘူး"လို့ ပြောတာပေါ့။ ဒီလိုနဲ့ နောက်ဆုံးမှာ နွားတင်းကုပ်မှာနေတဲ့ ကြွက် (ဖို) တစ်ကောင်ကို ကြွက်မလေးရဲ့ သတို့သားအဖြစ် ရွေးချယ်ဖြစ်ခဲ့ကြတယ်။ ကြွက်ပျိုလေးဟာ ငယ်ရွယ်နုပျိုပြီး ကြွက်မလေးနဲ့ လုံးဝလိုက်ဖက်တဲ့ (သဘာဝက ကျေနပ်လက်ခံနိုင်မယ့် သတို့သားလောင်းသာ အစစ်ပါတကား။

■

mgyoe.com